IIMM နှင့် မျှဝေလိုက်တဲ့ အချက်အလက်တွေကို ဘယ်လိုအသုံးပြုမှာလဲ

အချက်အလက်များကို ထိန်းသိမ်းခြင်း

ပေးပို့လိုက်သော အချက်အလက်များကို အကောင်းဆုံးနှင့် နောက်ဆုံးပေါ် နည်းပညာများ အသုံးပြု၍ ကုဒ်အသွင်ပြောင်းကာ လုံခြုံစွာသိမ်းဆည်းထားသည်။ ဤနည်းမှာ ပေးပို့သူတို့၏ ဘေးကင်းမှုနှင့် ကိုယ်ရေးလုံခြုံမှုကို အထောက်အကူပြုစေသည်။



ပေးပို့လိုက်သောအချက်အလက်များကို မည်သူမျှ ကြားဖြတ်ရယူခြင်း မပြုနိုင်ရန် ယင်းတို့ကို မည်သို့ သိမ်းဆည်းသည်ကို မှတ်တမ်းပြုစုထားသည်။ ဤမှတ်တမ်းကို "အချက်အလက်များကို ကိုင်တွယ်ဆောင်ရွက်ပုံအဆင့်ဆင့်" ဟု ခေါ်ပြီး တချိန်ချိန်တွင် ယင်းအချက်အလက်များကို တရားရုံးများ၌ အသုံးပြုနိုင်ရန်အတွက် အဆိုပါ မှတ်တမ်းကို မဖြစ်မနေ ပြုစုထားရသည်။

အနာဂတ်တရားစီရင်မှုများ၏ အောင်မြင်မှုသည် အချက်အလက်များ မပျောက်ဆုံးမီ သို့မဟုတ် မဖျက်ဆီးခံရမီ၊ သစ်လွင်နေဆဲဖြစ်သည့် ယခုလက်ရှိအချိန်တွင် စုဆောင်းထိန်းသိမ်းနိုင်ခြင်းအပေါ် မူတည်သည်။

အချက်အလက်များကို စိစစ်သုံးသပ်ခြင်း



ထို့နောက် စွပ်စွဲခံရသူများကို ဖော်ထုတ်ရန်နှင့် ၎င်းတို့သည် ကြီးလေးသော
နိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြောင်း သက်သေပြနိုင်ရန် သင်တို့ပေးပို့သော
အချက်အလက်များကို အခြားအထောက်အထားများနှင့် ချိတ်ဆက်သည်။
ယင်းစိစစ်သုံးသပ်ချက်များကို တရားရုံးနှင့် ခုံရုံးများတွင် ကျူးလွန်သူများကို
အမှုစစ်ဆေးရန်နှင့် ပြစ်ဒဏ်ချမှတ်ရန် အသုံးပြုနိုင်သည်။



ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးကို လျှို့ဝှက်စွာဆောင်ရွက်ရသည်။ မဟုတ်လျှင် တရားရုံးသို့
တင်သွင်းသည့်အခါ အမှု၏ အထောက်အထားခိုင်မာမှုကို လျော့ကျစေပြီး
အချက်အလက်မျှဝေသူများ၏ ဘေးကင်းရေး၊ ကိုယ်ရေးလုံခြုံမှုကို သက်ရောက်မှုရှိနိုင်သည်။
ထို့ကြောင့် ကျွန်ုပ်တို့၏ စိစစ်သုံးသပ်ချက်များတွင် ပေးပို့သူများ၏ အချက်အလက်များကို
မည်သို့အသုံးပြုနေကြောင်း ယေဘုယျအားဖြင့်သာ ပြန်လည်ဖြေကြားနိုင်ပါမည်။
စုံစမ်းစစ်ဆေးရေးအကြောင်း အသေးစိတ်ကို ဖြေကြားမည် မဟုတ်ပါ။

အချက်အလက်များကို မျှဝေခြင်း

မြန်မာနိုင်ငံအတွင်းကျူးလွန်ခဲ့သည့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများနှင့် ပတ်သက်ပြီး နိုင်ငံတွင်း၊ ဒေသတွင်း နှင့် နိုင်ငံတကာ တရားရုံးများ သို့မဟုတ် ခုံရုံးများက စုံစမ်းစစ်ဆေးရေးနှင့် အမှုစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ယန္တရားက ကူညီပံ့ပိုးသည်။
၎င်းတို့ လိုအပ်သည့် အချက်အလက်များကို ယန္တရားထံ တောင်းယူနိုင်သည်။



မျှဝေပေးပို့သည့် အချက်အလက်များကို ပေးပို့သူ၏ သဘောတူခွင့်ပြုချက်ရရှိပြီးမှသာ မျှဝေမည်ဖြစ်ပြီး အောက်ပါအချက်များကို သဘောတူဆောင်ရွက်သည့် အာဏာပိုင်များနှင့်သာ မျှဝေမည်။

ယန္တရားက သတ်မှတ်ထားသော လျှို့ဝှက်စွာထားရှိမှုဆိုင်ရာ သဘောတူညီချက်ကို လေးစားခြင်း

ကျူးလွန်ခံရသူများနှင့် သက်သေများကို အကာအကွယ်ပေးနိုင်ခြင်း

မျှတစွာတရားစီရင်မှုကို အာမခံပြီး နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများ၊ စံနှုန်းများနှင့်အညီ လိုက်နာကျင့်သုံးခြင်း

သေဒဏ် မချမှတ်ခြင်း

သင်တို့ ပေးပို့သည့် အချက်အလက်များ၌ အရေးပါလှသည်။



© IIMM / သရုပ်ဖော် JC